ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး
**ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့**
PEOPLE'S ALLIANCE FOR CREDIBLE ELECTIONS

**People's Alliance for Credible Elections (PACE)**
**ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး ပြည်သူများ ပူးပေါင်းလှုပ်ရှားမှုအဖွဲ့**

# အချက်အလက်မှတ်တန်းတင် စေတနာ့ဝန်ထမ်းလျှောက်လွှာများခေါ်ယူခြင်း

## *၁။ ရည်ရွယ်ချက်*

PACE ကို ၂၀၁၃ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ရေတိုအားဖြင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် လွှတ်တော် ရွေးကောက်ပွဲများစောင့်ကြည့်လေ့လာရေးနှင့် ရေရှည်တွင် ရွေးကောက်ပွဲဆိုင်ရာပြုပြင်ပြောင်းလဲရေး ကို ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း၂၀၁၅ ခုနှစ် နိုဝင်ဘာလဆန်းတွင် ရွေးကောက်ပွဲများ ကျင်းပမည်ဟုကြေငြာထားပါသည်။ PACE အနေဖြင့်ယင်းရွေးကောက်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် စောင့်ကြည့်လေ့လာမှုများပြုလုပ်မည်ဟု ရည်မှန်းထားပါသည်။

သို့ဖြစ်ပါ၍ PACE အနေဖြင့် အဆိုပါ အထွေထွေရွေးကောက်ပွဲများကို စနစ်တကျစောင့်ကြည့်လေ့လာမှုများ ပြုလုပ်နိုင်ရန်ပြင်ဆင်လျှက်ရှိပါသည်။ ပြင်ဆင်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရွေးကောက်ပွဲဆိုင်ရာ အချက် အလက်များကို ကွန်ပြူတာအသုံးပြုကာ မှတ်တမ်းတင်ပြုစုလျှက်ရှိပါသည်။ ထိုသို့ကွန်ပြူတာကို အသုံး ပြုကာ အချက်အလက်များထည့်သွင်း မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်နိုင်ရန် **<u>စေတနာ့ဝန်ထမ်း (၄၀) ဦး</u>** လိုအပ်နေပါသည်။

## *၂။ သင်တန်းနှင့် အလုပ် အချိန်ဇယား*

စေတနာ့ဝန်ထမ်းများအနေဖြင့် အချက်အလက်များကိုစနစ်တကျထည့်သွင်းနိုင်ရန် ပထမဦးစွာ PACE မှ (၁) ရက်တာ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်းကို အသုတ် (၂) သုတ်ခွဲ၍ ပို့ချမည်ဖြစ်သည်။

- ပထမအသုတ်အနေဖြင့် စေတနာ့ဝန်ထမ်းများကို ၂၀၁၅ ခုနှစ် မေလ (၁၃) ရက်နေ့တွင် ပို့ချမည် ဖြစ်သည်။
- ဒုတိယအသုတ် စေတနာဝန်ထမ်းများအနေဖြင့် ၂၀၁၅ ခုနှစ် မေလ (၁၄) ရက်နေ့တွင် ပို့ချမည် ဖြစ်သည်။
- သင်တန်းတက်ရောက်ပြီး စေတနာ့ဝန်ထမ်းများအနေဖြင့် အချက်အလက်များ ထည့်သွင်းခြင်းကို မိမိတို့၏ ပေးနိုင်သော အချိန်ဇယားအလိုက် ၂၀၁၅ ခုနှစ် မေလ (၁၆) ရက်နေ့မှ မေလ (၃၀) ရက် နေ့အထိ PACE ၏အချက်အလက်စုဆောင်းရေးစင်တာတွင် အချက်အလက်များကို ကွန်ပြူတာကို အသုံးပြုကာ မှတ်တမ်းတင် ရမည်ဖြစ်သည်။

*၃။ အချက်အလက်ထည့်သွင်းရမည့်နေရာ*

- PACE ၏ အချက်အလက်ထိန်းသိမ်းရေး စင်တာ
  ရန်ကုန်မြို့

*၄။ လိုအပ်သည့် အရည်အချင်း*

စေတနာ့ဝန်ထမ်းအဖြစ် လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။

(၁) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ

(၂) ကွန်ပြူတာနှင့် ရင်းနှီးကျွမ်းဝင်သူ

*၅။ အခြား*

- သင်တန်းတက်ရောက်နေ့တွင် ခရီးစရိတ်နှင့် နေ့လည်စာတာဝန်ယူမည်ဖြစ်သည်။
- အချက်အလက်များထည့်သွင်းချိန်ကာလတွင်မူ နေ့စဥ်စားစရိတ်နှင့် ခရီးစရိတ်များ ပံ့ပိုးပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် **၂၀၁၅ ခုနှစ် ဧပြီလ (၃၀) ရက်နေ့** နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်ဖြစ်စေ အီးမေးလ်နှင့် ဖြစ်စေ ပူးတွဲပါ လျှောက်လွှာဖြင့် လျှောက်ထားနိုင်ပါသည်။

*နော်ခိုင်ကြူကြူသန်း*
*ကွန်ရက်ညှိနှိုင်းရေးမှူး*
*ဖုန်း +၉၅ (၀) ၉၄၂ ၈၃၄ ၀၆၂၆*
*အီးမေးလ်* nawkhaingkyukyuthan@pacemyanmar.org

*ရုံးလိပ်စာ။*
*အမှတ်(၃)၊ တိုက်(၉)၊ မြကန်သာလမ်း၊ မြကန်သာအိမ်ယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။*
*(ဆင်ရေတွင်း ကားမှတ်တိုင်တွင်ဆင်းရန်)*